STARCITY

နေ့စွဲ- ၂၀၂၀ ခုနှစ် မတ်လ ၂၅ ရက်

# ပန်းလှိုင်ဆေးခန်း (Star City) ၏ ဆေးခန်းဖွင့်/ပိတ်ချိန် တိုးမြှင့်ကြောင်း ကြေငြာချက်

ကြယ်စင်အိမ်ရာဝင်းအတွင်း နေထိုင်ကြသော လူကြီးမင်းများခင်ဗျာ/ ရှင်

COVID – 19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအနက် ကြယ်စင်အိမ်ရာဝင်းအတွင်း နေထိုင်ကြသော လူကြီးမင်းများ၏ ကျန်းမာသုခပြည့်စုံရေးသည် ကျွန်ုပ်တို့၏ ပထမဦးစားပေးဖြစ်ပါသည်။ ပန်းလှိုင်ဆေးခန်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း ဝမ်းမြောက်စွာဖြင့် အသိပေးအပ်ပါ သည်။

၁။ ဆေးခန်းဖွင့်/ ပိတ်ချိန်ကို နေ့စဉ် မနက် ၈ နာရီ မှ ည ၈ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ပေးသွားပါမည်။
၂။ ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ပြီး ၂၄ နာရီပတ်လုံး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်များ ထားရှိပေးထားမည် ဖြစ်ပါသည်။ (ည ၈ နာရီကျော်သွားလျှင် ပေးထားသော ဖုန်းနံပါတ်ကို အချိန်မရွေး ဆက်သွယ်၍ ကျန်းမာရေး စောင့်ရှောက်မှုများ တောင်းခံနိုင်ပါသည်)
၃။ ပန်းလှိုင်ဆေးခန်းအား ဆရာဝန်နှင့် ဝန်ထမ်းများလည်း ထပ်မံအားဖြည့်ထားပါသည်။
၄။ ပန်းလှိုင်ဆေးခန်းအနေဖြင့် COVID – 19 သံသယလူနာတွေ့ရှိပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ တိကျစွာလိုက်နာ၍ သင့်တော်သော အရေးပေါ်ကုသရေးဌာနများသို့ ဘေးကင်းစွာပြောင်းရွှေ့ပေးပါမည်။
၅။ ပန်းလှိုင်ဆေးခန်း (Star City) သည် ဆေးရုံမဟုတ်သည့်အတွက် ဆေးရုံတစ်ရုံတွင် ရရှိသော အတွင်းလူနာစောင့်ရှောက်မှုကဲ့သို့ ဝန်ဆောင်မှုများ ပေးနိုင်မည်မဟုတ်ပါကြောင်းနှင့် ဆေးခန်းတွင် ကုသ၍ မရနိုင်ပါက နီးစပ်ရာ ဆေးရုံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်နိုင်သော အရေးကြီးဖုန်းနံပါတ်များ**

- ဆရာဝန် (အရန်သင့်ခေါ်ဆိုနိုင်) - ၀၉ ၉၇၄၀ ၅၂၇၆၉
- ဆေးခန်း - ၀၉ ၄၄၉၅ ၂၃၅၃၄

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အခြေခံကာကွယ်စောင့်ရှောက်ရေး လမ်းညွှန်ချက်များကို လိုက်နာခြင်းဖြင့် မိမိကိုယ်တိုင်မှ အစပြု၍ မိမိပတ်ဝန်းကျင်ရှိ လူအများကို ဘေးကင်းလုံခြုံရေးအတွက် နိုးနိုးကြားကြား ရှိကြပါစေကြောင်း ထပ်မံ၍တိုက်တွန်းနှိုးဆော်အပ်ပါသည်။

လေးစားစွာဖြင့်

StarCity Management

Thanlyin Estate Development Ltd.
Thanlyin Township, Yangon, Myanmar | T 95 56 23150~3 | starcityyangon.com

The Good Life.